**KEY STATEMENTS FOR THE 2023 MEMORIAL DAY CONFERENCE**

**ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် ယူဆောင်ရန်နှင့် ကိုယ်တော်ကို အရာအားလုံး၌ အမြတ်ရယူရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတ္တကို စဉ်ဆက်မပြတ် ငြင်းပယ်ရန်နှင့် ကျွန်ုပ်တို့ဝိညာဉ်သို့ အဆက်မပြတ် လှည့်ပြန်လာရန် သင်ယူရမည်ဖြစ်သည်။**

**တစ်ခုတည်းသောအရာကို စဉ်းစားခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏အတွင်းအစိတ်အပိုင်းများ၌ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏ကောင်းသောကျေနပ်အားရရာအတွက် အလိုရှိခြင်းနှင့် လုပ်ဆောင်ခြင်းငှာ ကျွန်ုပ်တို့၌ ပြုပြင်လုပ်ဆောင်သည့် ဘုရားသခင်ကို အခွင့်ပေးခြင်းအားဖြင့်လည်းကောင်း ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် စိတ်၌ တစ်ခုတည်းဖြစ်လာရန် လိုအပ်သည်။**

**ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည် ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးတော်ကိုလည်းကောင်း၊ ကိုယ်တော်၏ဆင်းရဲဒုက္ခခံခြင်းများကို မိတ်သဟာယဖွဲ့ခြင်းကိုလည်းကောင်း သိကျွမ်းရန်နှင့် တွေ့ကြုံခံစားရန်၊ ခရစ်ယာန်အသက်တာ၏ပုံစံခွက်အဖြစ် ကိုယ်တော်အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူခြင်းရှိရန် ဆန္ဒပြင်းပြခြင်း ရှိသင့်ပါသည်။**

**ကျွန်ုပ်တို့သည် ခရစ်တော်အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် သာ၍မြတ်သော ထမြောက်ခြင်းသို့ တက်လှမ်းရယူနိုင်မည် - ယင်းသည် ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ သခင်ဘုရားရှေ့ဆက်သွားနိုင်ဖို့ တစ်ခုတည်းသောလမ်း၊ ကိုယ်တော်၏အသင်းတော်တည်ဆောက်ရန်အတွက် တစ်ခုတည်းသောလမ်း၊ သတို့သမီးသည် မိမိကိုယ်ကို အဆင်သင့်ဖြစ်စေရန်အတွက် တစ်ခုတည်းသောလမ်း၊ သခင်ဘုရားပြန်ကြွလာရန်အတွက် တစ်ခုတည်းသောလမ်း ဖြစ်သည်။**

*© 2023 Living Stream Ministry*

**Outline of the Messages**
**for the Memorial Day Conference**
**May 26-29, 2023**

**GENERAL SUBJECT:**
**ဖိလိပ္ပိစာစောင်၌ဖွင့်ပြထားသည့်အတိုင်း**
**ခရစ်တော်ကို သိကျွမ်းခြင်း၊ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း**

Message One

## ကျွန်ုပ်တို့၏အတ္တကို ငြင်းပယ်ခြင်းနှင့် ကျွန်ုပ်တို့၏ဝိညာဉ်ထံ လှည့်ပြန်ခြင်းအားဖြင့် ကိုယ်တော်ကို အမြတ်ရရန် ခရစ်တော်ကို အရာအားလုံးအဖြစ် ယူဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၃း၁၇။ ၁၂း၁၈။ ၁၆း၂၄။ မာ၊၉း၇-၈။ ၂ကော၊၂း၁၀။ ဂလ၊၁း၁၅က၊၁၆က။ ကော၊၂း၁၆-၁၇

**I. ခရစ်တော်သည် ဘုရားသခင်၏စိတ်နှလုံး အလိုဆန္ဒဖြစ်သည်-မ၊၃း၁၇။ ၁၂း၁၈။ ၁၇း၅။ ဂလ၊၁း၁၅က၊ ၁၆က။**

A. ဘုရားသခင်၏စိတ်နှလုံး အလိုဆန္ဒမှာ စကြဝဠာ၌ ရှိသော လူပုဂ္ဂိုလ်တိုင်း၊ အကြောင်းအရာတိုင်းနှင့် အရာအားလုံးက ခရစ်တော်ကို ထင်ရှားရန် ဖြစ်သည်။ အရာအားလုံးသည် ခရစ်တော်၌ ချုပ်ခြာခြင်းခံရသောအခါ၊ ပြီးပြည့်စုံသော ငြိမ်သက်ခြင်းနှင့် သဘောတညီတညွတ်ဖြစ်ခြင်း ရှိကာ၊ စကြဝဠာ၌ ရှိသောအရာအားလုံးသည် ခရစ်တော်ကို ထင်ရှားလိမ့်မည်ဖြစ်သည်- ကော၊၁း၁၅-၁၉။ ၃း၁၀-၁၁။ ဧ၊၁း၁၀၊၂၂-၂၃။ ၄း၁၅-၁၆။ ဟေရှာ၊၅၅း၁၁-၁၃။

B. ကျွန်ုပ်တို့ တည်ရှိနေရခြင်းမှာ ခရစ်တော်၏ထင်ရှားခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့ဧဝံဂေလိတရားဟောပြောခြင်းမှာ ခရစ်တော်၏ထင်ရှားခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့၏အလုပ်မှာ ခရစ်တော်၏ ထင်ရှားခြင်းအတွက်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ထင်ရှားခြင်းအတွက်ဖြစ်သည်- ၄၃း၇။ ၂ကော၊၄း၅။ ၁ကော၊၁၅း၅၈။ ယော၊၁၇း၂၃။ ဧ၊၁း၂၃။ ၃း၁၉-၂၁။

C. ခရစ်တော်သည် စကြဝဠာ၌ အပြည့်သဘောဆောင်သောအရာအားလုံး၏စစ်မှန်ခြင်း ဖြစ်သည်-ကော၊၂း၁၆-၁၇။

1. စကြဝဠာတစ်ခုလုံးသည် ခရစ်တော်အကြောင်းကို ပြောဆိုရန်၊ ခရစ်တော်ကို ဖော်ပြရန် ဘုရားရေးဆွဲထားသည့် ကြီးမားသောပန်းချီကားချပ်ဖြစ်ပြီး၊ ၎င်းသည် ခရစ်တော်၏ထင်ရှားခြင်းအတွက်ဖြစ်သည်-၁း၁၅-၁၇။ ဆာ၊၁၉း၁-၆။ ရော၊၁း၂၀။ ဟေဗြဲ၊၁၁း၃။

2. နေ့တိုင်း ကျွန်ုပ်တို့သည် ခရစ်တော်ကို စားသောက်ကြသည်၊ အပတ်တိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပြည့်စုံခြင်းနှင့် နားခိုခြင်းရှိကြသည်၊ လစဉ်တိုင်း ကျွန်ုပ်တို့သည် ကိုယ်တော်၌ အသစ်သောအစပြုခြင်းကို တွေ့ကြုံခံစားကြသည်၊ တစ်နှစ်တာပတ်လုံး ကိုယ်တော်သည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းနှင့် မွေ့လျော်ခြင်းဖြစ်သည်-ကော၊၂း ၁၆-၁၈က။

D. ဘုရားသခင်သည် ခရစ်တော်ကိုယ်တော်တိုင်ထက် အခြားမည်သည့်အရာကိုမျှ အလိုမရှိကြောင်း ကျွန်ုပ်တို့အတွင်းထဲမှ မြင်၍ သိနားလည်ကြရမည်ဖြစ်သည်။ ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ ဘုရားသခင်၏ပန်းတိုင်မှာ ခရစ်တော်ကို ကျွန်ုပ်တို့အဖို့ အရာအားလုံးအဖြစ် ပြန်လည်ရယူရန် ဖြစ်သည်-၁ကော၊၁း၉။

1. ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ရုံသာမက၊ ကျွန်ုပ်တို့၏အရာခပ်သိမ်းလည်း ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်လေ (ယော၊၂၀း၂၂)၊ အသက်ရေ (၄း၁၄၊ ၇း၃၇-၃၉)၊ အသက်မုန့် (၆း၃၅၊၄၈)၊ အသက်၏အလင်း (၁း၄။ ၈း၁၂)နှင့် အသက်၏နေထိုင်ရာ (၁၄း၂၃။ ၁၅း၁၊ ၄-၅) ဖြစ်သည်။

2. ကျွန်ုပ်တို့သည် အရာရာ၌ ခရစ်တော်ကို အသက်ရှင်ခြင်း၊ ခရစ်တော်ကို ကြီးထွားခြင်း၊ ခရစ်တော်ကို ထင်ရှားခြင်းနှင့် ခရစ်တော်ကို ပွားများစေခြင်းအားဖြင့် ကောင်းသောအကျင့်အမျိုးမျိုး၌ အသီးသီးလျက်၊ သခင်ဘုရားနှင့် ထိုက်တန်စွာ လျှောက်လှမ်း၍ အရာရာ၌ ကိုယ်တော််ကို ကျေနပ်နှစ်သက်စေကြရမည်-ကော၊၁း၉-၁၀။

3. ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ အရာအားလုံး- ကျွန်ုပ်တို့၏အကြီးမားဆုံးသောဝမ်းမြောက်ခြင်းနှင့် ကျွန်ုပ်တို့၏ အကြီးမားဆုံးသောဆုလာဘ်- ဖြစ်လာသည့်အတိုင်းအတာထိ ကျွန်ုပ်တို့သည် ဘုရားသခင်အား ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန် အခွင့်ပေးကြရမည်-ဧ၊၃း၁၆-၁၉။ ဆာ၊၄၃း၄က။ က၊၁၅း၁။ ယော၊၁၅း၁၁။ ရော၊၁၄း၁၇။ ဖိ၊၃း၁၄။

4. ယနေ့ ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသောလိုအပ်မှုမှာ ခရစ်တော်သည် ကျွန်ုပ်တို့ဝိညာဉ်အတွင်း၌ ကိန်းဝပ်နေသည့် ဝိညာဉ်တော်ဖြစ်ကြောင်း မြင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအချက်ကို မမြင်ပါက၊ ခရစ်တော်၏အရာအားလုံးသည် ကျွန်ုပ်တို့အဖို့ အပြင်ပိုင်းဆိုင်ရာသြဝါဒမျှသာ ဖြစ်နေလိမ့်မည်ဖြစ်သည်-၁ကော၊၁၅း၄၅ခ။ ၂ကော၊၃း၁၇-၄း၁။ ၂တိ၊ ၄း၂၂။ ၁ကော၊၆း၁၇။ ယော၊၄း၂၄။

5. ခရစ်တော်သည် နှုတ်ကပတ်တော်လည်း ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏ဝိညာဉ်နှင့် ဆက်သွယ်သောအခါ၊ ကိုယ်တော်၏စကားများသည် ဝိညာဉ်ဖြစ်လာပြီး၊ ကိုယ်တော်၏စကားများသည် ဝိညာဉ်ဖြစ်လာသောအခါ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံးအလိုဆန္ဒကို ကျေနပ်နှစ်သိမ့်စေရန် ကိုယ်တော်အားဖြင့် လုံးလုံးလျားလျား ရယူသိမ်းပိုက်ခြင်း၊ ကိုယ်တော်အားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ ကိုယ်တော်နှင့်အတူ ရောနှောပေါင်းစည်းခြင်း ရှိနိုင်ကြမည်ဖြစ်သည်-ဧ၊၆း၁၇-၁၈။ ယော၊၅း၃၉-၄၀။ ၆း၆၃။

E. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောခရစ်တော်ကို မြင်တွေ့ပြီး၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းလျှို့ဝှက်ချက် ကို သင်ယူမိသောအခါ၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ပြန်လည်ရယူခြင်းထံသို့ သစ္စာရှိကြလိမ့်မည်ဖြစ်သည်- မာ၊၉း၇-၈။ တ၊ ၂၆း၁၉၊ ၂၂။ ၁ကော၊၁း၂၉-၁၀။ ၂း၉-၁၀။ ၂ကော၊၂း၁၀။ ၂တိ၊၄း၉-၁၈။ ဖိ၊၁း၁၉-၂၁က။

1. ကျွန်ုပ်တို့သည် ကိုယ်တော်ထက်ပို၍ အခြားမည်သည့် လူပုဂ္ဂိုလ်များ၊ အရာများ သို့မဟုတ် အကြောင်းအရာများပေါ် ဗဟိုမပြုသင့်ဘဲ၊ ကိုယ်တော်ာ့အပေါ် ဗဟိုပြုသင့်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ခွဲခန့်ထားသည့် ကျွန်ုပ်တို့၏တုနှိုင်းရာမရှိသော အလယ်ဗဟိုတည်းဟူသော ကိုယ်တော်အပေါ် ဗဟိုပြုသင့်ပါသည်။ သို့မှသာ ယုံကြည်သူများ အလယ်ရှိ ပြဿနာများအားလုံးသည် ဖြေရှင်းခြင်းခံရနိုင်မည် ဖြစ်သည်-၁ကော၊၁း၉။ ဗျာ၊၂း၄-၅။ ကော၊၁း၁၇၊ ၁၈ခ။

2. လူပုဂ္ဂိုလ်တစ်ဦးသည် သခင်ဘုရား၏ပြန်လည်ရယူခြင်းကို စွန့်ခွာသွားသည် ဆိုသည်မှာ သူသည် ပြန်လည်ရယူခြင်းကို ဘယ်သောအခါကမျှ မမြင်တွေ့ခဲ့ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် ပြန်လည်ရယူခြင်း၌ လုံခြုံခြင်းရှိမရှိနှင့် ကွဲပြားခြင်းမှ ကာကွယ်ခံရခြင်းရှိမရှိ ဆိုသည်မှာ ကျွန်ုပ်တို့မြင်တွေ့သောရူပါရုံအပေါ် မူတည်သည်။ ခရစ်တော်အပေါ် ဗဟိုပြုခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ကွဲပြားခြင်းမှ ကယ်တင်ခံရနိုင်မည်ဖြစ်သည်။

3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တုနှိုင်းရာမရှိသောအလယ်ဗဟို၊ ရွေးချယ်မှု၊ နှစ်သက်လိုလားမှု၊ မြည်းစမ်းခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအဖြစ် ခရစ်တော်ကိုသာ ဂရုစိုက်ကြမည်ဆိုလျှင်၊ ၎င်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်ပြန်ခြကလာသည့် တိုင်အောင် သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်၌ စောင့်ထိန်းပေးလိမ့်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့သည် စိတ်ပျက်ခြင်း၊ အာရုံထွေပြားခြင်းနှင့် သခင်ဘုရား၏ပြန်လည်ရယူခြင်းကို ကျောခိုင်း စွန့်ခွာခြင်း ရှိကြလိမ့်မည်ဖြစ်သည်။

## II. ကျွန်ုပ်တို့သည် ခရစ်တော်ကို အရာအားလုံးအဖြစ် ယူဆောင်ရန် ဖိလိပ္ပိစာစောင်၌ ရှိသော ပေါလု၏ပုံသက်သေနောက်သို့ လိုက်ကြရမည်ဖြစ်သည်။

A. "ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏"-ပေါလုသည် ခရစ်တော်ကို သူ၏အသက်ရှင်ခြင်းအဖြစ် ယူဆောင်ခဲ့သည်- ၁း၂၁က။

B. "အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ် ထင်ရှားတော်မူသကဲ့သို့၊ ယခုပင် ကြီးမားထင်ရှားတော်မူလိမ့်မည်"-ပေါလုသည် ခရစ်တော်ကို သူ၏ထင်ရှားခြင်းအဖြစ် ယူဆောင်ခဲ့သည်-အငယ်၊၂၀။

C. "ခရစ်တော်ယေရှု၌ရှိသော ထိုအသိဉာဏ်ကို သင်တို့၌လည်း ရှိစေကြလော့"-ပေါလုသည် ခရစ်တော်၏အသိဉာဏ်ကို သူ၏အသိဉာဏ်အဖြစ် ယူဆောင်ခဲ့သည်-၂း၅။

D. "ပညတ်တရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းကြောင့် ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့်၊ ထိုသခင်၌ မြင်ပါမည့်အကြောင်း"- ပေါလုသည် ခရစ်တော်ကို သူ၏ရှင်ထွက်သောဖြောင့်မတ်ခြင်းအဖြစ် ယူဆောင်ခဲ့သည်-၃း၉။

E. "ထိုမျှမက ငါ၏သခင်တည်းဟူသော ခရစ်တော်ယေရှုကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသောအရာတို့ကိုလည်း ရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏။ ထိုသခင်ကြောင့် ခပ်သိမ်းသောအရာတို့ကို အရှုံးခံရပြီ။ ခရစ်တော်ကို အမြတ်ရပါမည်အကြောင်း ခပ်သိမ်းသောအရာတို့ကို မစင်ကဲ့သို့ ငါထင်မှတ်၏"-ပေါလုသည် ခရစ်တော်ကို သိသောပညာကို အမြင့်ဆုံးသောအရာအဖြစ် မှတ်ယူခဲ့သည်-အငယ်၊၈။

F. "ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကို မမှတ်ဘဲ၊ ရှေ့၌ရှိသောအရာတို့ကို လှမ်းကမ်း၍၊ ခရစ်တော် ယေရှု၌ ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့် ဆိုင်သောဆုကို ရခြင်းငှာ ပန်းတိုးတိုင်သို့ ငါ လိုက်ပြေး၏"-ပေါလုသည် ခရစ်တော်ကို သူ၏ပန်းတိုင်အဖြစ် ယူဆောင်ခဲ့သည်-အငယ်၊၁၃-၁၄။

G. "ညီအစ်ကိုတို့၊ မှန်ကန်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ကောင်းသောပြောဆိုခြင်းအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ကောင်းမြတ်ခြင်းတစ်ပါးပါး၊ ချီးမွမ်းခြင်းတစ်ပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုလည်းကောင်း၊ နှလုံးသွင်းကြလော့"- ပေါလုသည် ခရစ်တော်ကို သူ၏ ကောင်းမြတ်ခြင်းများအဖြစ် ယူဆောင်ခဲ့သည်-၄း၈။

H. "ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်၌ ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏"-ပေါလုသည် ခရစ်တော် ကို သူ၏အံ့သြဖွယ်ရာအသက်ရှင်ခြင်းအဖြစ် ရှင်ထွက်ရန် သူ၏စွမ်းအားအဖြစ် ယူဆောင်ခဲ့သည်-အငယ်၊၁၃။

I. "ငါသည် တွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသောစိတ်ရှိအံ့သောငှာ သင်မိပြီ။ ရှုတ်ချခြင်းကိုလည်းကောင်း၊ ကြွယ်ဝခြင်းကိုလည်းကောင်း ခံတတ်၏။ ဝစွာစားခြင်း၊ မွတ်သိပ်ခြင်း၊ ကြွယ်ဝခြင်း၊ ဆင်းရဲခြင်းတို့ကို ခံရအံ့သောငှာ၊ အရပ်ရပ်တို့တွင် အရာရာ၌ လျှို့ဝှက်ချက်ကို ငါသင်မိပြီ"-ပေါလုသည် ခရစ်တော်ကို သူ၏လျှို့ဝှက်ချက်အဖြစ် ယူဆောင်ခဲ့သည်-အငယ်၊၁၁-၁၂။ ညွှန်း၊ အငယ်၊၄-၇။

J. "ငါတို့၏နိုင်ငံသားအရာမူကား၊ ကောင်းကင်များ၌တည်လျက်ရှိ၏။ ကယ်တင်ရှင်သခင်ယေရှုခရစ်သည် ကောင်းကင်များမှ ကြွလာတော်မူမည်ဟု ငါတို့သည် စိတ်အားထက်သန်စွာ စောင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ကိုယ်တော်၏ဘုန်းတော်နှင့် ပြည့်စုံသောခန္ဓာနည်းတူ ဖြစ်စေခြင်းငှာ၊ အဆင်းသဏ္ဌာန်ပြောင်းလဲစေတော်မူလတံ့"- ပေါလုသည် ခရစ်တော်ကို သူ၏မျှော်လင့်ခြင်းအဖြစ် ယူဆောင်ခဲ့သည်-၃း၂၀-၂၁။

## III. ကျွန်ုပ်တို့ ခရစ်တော်ကို အမြတ်ရရှိကြခြင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အောက်ပါပုံပန်းသွင်ပြင်များအတိုင်း ရရှိနိုင်ရန်ဖြစ်သည် (အငယ်၊၁၂။ ညွှန်း၊ ဟဗ၊၁း၁)။

A. ခရစ်တော်ကို အမြတ်ရရှိခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်၏ မျက်မှောက်တော် (နျူမက်တစ်ခရစ်တော်) ကို အာရုံခံစားမှုရှိစေသည်-ယော၊၂၀း၂၂။ ထွ၊၃၃း၁၁က၊၁၄။

1. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သခင်၏မျက်မှောက်တော်ကို ဆုံးရှုံးခြင်း-တည်းဟူသော အရာတစ်ခုကိုသာ ကြောက်ရွံ့ခြင်း ရှိသင့်ပါသည်- ၂ကော၊၂း၁၀။ ညွှန်း၊ ဧ၊၄း၃၀။ ၁သက်၊၅း၁၉။
2. "နှစ်ရက်လွန်ပြီးမှ ငါတို့ကို အသက်ရှင်စေပြန်၍/ သုံးရက်မြောက်သောနေ့၌ ထမြောက်စေတော်မူသဖြင့်/ကိုယ်တော်၏မျက်မှောက်တော်၌ ငါတို့သည် အသက်ရှင်ကြလိမ့်မည်" (ဟောရှေ၊၆း၂)- သုံးရက်မြောက်သောနေ့၏ စစ်မှန်ခြင်းသည် နိုးထခြင်း၏စစ်မှန်ခြင်းနှင့်အတူ (ဟဗ၊၃း၂) ရှင်ပြန်ထမြောက်သောခရစ်တော်၏ပုဂ္ဂိုလ်တော်၊ မျက်မှောက်တော် ဖြစ်သည်။

B. ခရစ်တော်ကို အမြတ်ရရှိခြင်းက ကျွန်ုပ်တို့အား အတွင်းပိုင်း၌ ထွန်းလင်းတောက်ပခြင်းနှင့် ရှင်းလင်းခြင်းကို ခံစားရရှိစေ သည်-ဗျာ၊၂၂း၁။ ယော၊၁း၄။ ၈း၁၂။ ယေ၊၁း၂၂၊၂၆။

C. ခရစ်တော်ကို အမြတ်ရရှိခြင်းက ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာစားစရာနှင့် ဝိညာဉ်ရေးရာသောက်စရာတည်းဟူသော ခရစ်တော်နှင့်အတူ အတွင်းပိုင်းမစခြင်းကို ခံစားရရှိစေသည်- ၁ကော၊၁၀း၃-၄။ ယော၊၆း၅၇။ ၄း၁၀၊ ၁၄၊ ၂၄။ ၁ကော၊၁၂း၃ခ၊ ၁၃။

D. ခရစ်တော်ကို အမြတ်ရရှိခြင်းသည် ကျွန်ုပ်တို့အား အသက်၌ ကြီးထွားစေပြီး၊ ကိုယ်တော်၏ပုံသဏ္ဍာန်တော်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲစေသည်-ကော၊၂း၁၉။ ၂ကော၊၃း၁၈။ ရော၊၁၂း၂။

E. ခရစ်တော်ကို အမြတ်ရရှိခြင်းက ကျွန်ုပ်တို့အား နိုးကြားတက်ကြွကခြင်းနှင့် ပြုမူလုပ်ဆောင်ခြင်း ရှိစေသည်-ဒံ၊၁၁း၃၂ခ။ တ၊၁း၈။ ၅း၂၀။ ၁၃း၁-၄။ ၁ကော၊၁၄း၃၁။ ညွှန်း၊ ယေ၊၃း၁-၃။ ဆာ၊၆၈း၁၁-၁၃၊၁၉။

## IV. ခရစ်တော်ကို အရာအားလုံးအဖြစ် ယူဆောင်ရန်နှင့် အရာရာ၌ ကိုယ်တော်ကို အမြတ်ရနိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အစဉ်မပြတ် မိမိတို့၏အတ္တကို ငြင်းပယ်ကာ၊ ဝိညာဉ်ထံ လှည့်ပြန်ရန် သင်ယူကြရမည်ဖြစ်သည်။

A. ကျွန်ုပ်တို့သည် မိမိတို့၏ဝိညာဉ်အထဲသို့ လုံးလုံးဝင်ရောက်ကြရမည်၊ အကြောင်းမှာ ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်းဖြစ်သော ဝိညာဉ်တော်တည်းဟူသောသခင်ဘုရားသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ ရှိသောကြောင့်ဖြစ်သည်-၂တိ၊၄း၂၂။ ဧ၊၁း၁၇။ ၂း၂၂။ ၃း၅၊၁၆။ ၄း၂၃။ ၅း၁၈။ ၆း၁၈။

B. ကျွန်ုပ်တို့သည် မိမိတို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် မည်သို့ ထားရှိရမည်ကို သင်ယူကြရမည်။ တစ်နည်းဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်၌ မည်သို့ ကိုးစားရမည်နှင့် သခင်ဘုရားအပေါ် မည်သို့ မှီခိုရမည်ကို သင်ယူကြရမည်။ အသင်းတော်အသက်တာအတွက် ခရစ်ယာန်အသက်တာကို အသက်ရှင်ခြင်း၏စစ်မှန်သောလျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိရန်ဖြစ်သည်-ရော၊၈း၆။

C. ဝိညာဉ်ထံသို့ လှည့်ပြန်ခြင်းသည် ခရစ်ယာန်တစ်ဦးဖြစ်ခြင်း၏လျှို့ဝှက်ချက်ဖြစ်သည်။ သခင်ဘုရားနောက်တော်သို့ လိုက်ရန်၊ သခင်ဘုရား၏ကြွယ်ဝခြင်းများကို မွေ့လျော်ရန်၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်း၌ အသက်ရှင်ရန်နှင့် ဓမ္မသစ်အမှုတော်၌ လှုပ်ရှားလုပ်ဆောင်ရန် နည်းလမ်းမှာ ကျွန်ုပ်တို့၏အတ္တကို ငြင်းပယ်ရန်၊ ကျွန်ုပ်တို့၏စိတ်အသက်ကို ဆုံးရှုံးခံရန်နှင့် ကျွန်ုပ်တို့၏ဝိညာဉ်ထံသို့ လှည့်ပြန်ရန် စဉ်ဆက်မပြတ် လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်-၂ကော၊၃း၃၊၆၊၁၆-၄း၁။ ၂တိ၊ ၄း၂၂။ ဖိ၊၁း၁၉။ ရော၊၈း၁၆။

D. သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ကျွန်ုပ်တို့ သယ်ဆောင်သော သခင်ဘုရား၏အလုပ်သည် ဝိညာဉ်နှင့်အတူ စတင်သောအလုပ်ဖြစ်ပြီး၊ ဝိညာဉ်နှင့်အတူ အဆုံးသတ်သည်။ ဤအလုပ်သည် ကျွန်ုပ်တို့၏ဝိညာဉ်မှ စတင်ပြီး၊ အခြားသူတို့၏ဝိညာဉ်များ၌ အဆုံးသတ်သည်-၁ကော၊၂း၄-၅၊ ၁၃၊၁၅။ ၂ကော၊၃း၆။ ၁၃း၃။ ညွှန်း၊ဆာ၊၄၂း၇က။

E. ကျွန်ုပ်တို့တွင် ဘုရားသခင်ကို ဆက်သွယ်ရန်နှင့် လက်ခံရန် ဝိညာဉ်ရှိပြီး၊ ဘုရားသခင်ကို ရှင်ထွက်ရန်နှင့် ထင်ရှားရန် စိတ်ရှိသည်။ ဘုရားသခင်ကို အတွင်းသို့ ယူဆောင်ပြီး၊ ဘုရားသခင်ကို အသက်ရှင်ထွက်ခြင်းနှင့် ထင်ရှားခြင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း၊ ကျွန်ုပ်တို့ကို ပျော်ရွှင်စေသောအရာ၊ နှစ်သက်သဘောကျစေသောအရာ ဖြစ်သင့်ပါသည်-ယော၊၄း၁၀၊၁၄၊ ၂၄။ ၆း၅၇။ လု၊၁း၄၆-၄၇။ ၁ကော၊၁၀း၃၁။

F. စိတ်သည် ဘုရားသခင်ကို ထင်ရှားစေရန် ရည်ရွယ်ချက်အတွက် ဖန်ဆင်းခံရခြင်းဖြစ်ပြီး၊ ၎င်း၏မွေ့လျော်မှု သို့မဟုတ် နှစ်သက်လိုလားမှုကို ရရှိရန်အတွက် ဖန်ဆင်းထားခြင်း မဟုတ်ပါ။ ဘုရားသခင်၏စီမံကိန်း၌ အတ္တဆန်သောမွေ့လျော်ဝမ်းမြောက်ခြင်း မရှိပါ။ ပေါလု၏အမှုတော်သည် ယုံကြည်သူတို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်၏ကြွယ်ဝခြင်းများကို ကျေးဇူးတော်အဖြစ် သူတို့ထံသို့ ဝေငှဖြန့်ဖြူးပေးရန်ဖြစ်သည်-က၊၁း၂၆။ ၂း၇။ ဧ၊၃း၂။

G. ကျွန်ုပ်တို့၏အတ္တကို ငြင်းပယ်ရန် ဆိုသည်မှာ စိတ်၏အလိုဆန္ဒ၊ နှစ်သက်လိုလားမှုနှင့် ရွေးချယ်မှုကို ငြင်းပယ်ရန်ဖြစ်သည်။ လူ၏ပထမဆုံးအပြစ်မှာ သူကိုယ်တိုင်အတွက် တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ အတ္တကို ကျေနပ်နှစ်သိမ့်စေရန် ဖြစ်သည်-က၊၃း၁-၇။

H. ကျွန်ုပ်တို့၏အတ္တ (ကျွန်ုပ်တို့၏ကျဆင်းသွားသောစိတ်၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ)မှ ထွက်ပေါ်လာသော တစ်စုံတစ်ရာသည် စာတန်နှင့်လည်းကောင်း၊ နတ်ဆိုးများနှင့်လည်းကောင်း ဆက်နွယ်နေသည်-မ၊၁၆း၂၁-၂၇။

1. ယေဟောဝါ၏ မစင်ကြယ်သောဇနီးတစ်ဦးအနေဖြင့် အစ္စရေးသည် ဆိုးညစ်လာခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျောခိုင်းလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကျွန်ုပ်တို့သည်လည်း ဆိုးညစ်မှုတစ်ခုခုကို ပြုလုပ်လာနိုင်ကြောင်း သိနားလည်ရန် လိုအပ်သည်-ဟောရှေ၊၄း၁။ ၉၄း၁၇-၂၁။
2. ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဘုရားသခင်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ မတည်နေပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်ကို ဆုံးရှုံးရပြီး၊ အသွေးအသား၌ ရှိကာ၊ လောကသားများကဲ့သို့ ပြုမူလာနိုင်ကြောင်း သိနားလည်ရန် လိုအပ်သည်-ဖိ၊၂း၁-၂။ ၁ယော၊၁း၃။ ၉၄း၁၇-၁၉။ ကမ္ဘာဦး၊၂၀။ ညွှန်း၊ ၁၂း၁၁-၁၃။ ၁၃း၁၈။
3. ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဘုရားသခင်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းမှ အားလပ်ရက်ယူ၍ မရနိုင်ပေ။ ကျွန်ုပ်တို့ကို ကာကွယ်ပေးသောအရာသည် ကျွန်ုပ်တို့၏အတ္တမဟုတ်ဘဲ၊ ဘုရားသခင်၏ မျက်မှောက်တော်သာဖြစ်သည်-၁ယော၊၁း၃။ ညွှန်း၊ ဆာ၊၃၁း၂၀။

I. ဆုတောင်းခြင်းသည် အတ္တကို စစ်မှန်စွာ ငြင်းပယ်ခြင်းဖြစ်သည်။

1. အမှန်စင်စစ် ကျွန်ုပ်တို့သည် ရှည်လျားသောနည်းလမ်း၌ ဆုတောင်းရန် မလိုအပ်ပါ။ "အို သခင်ယေရှု"ဟု ရိုးစင်းစွာ ခေါ်လျှင် လုံလောက်ပါသည်။ ထိုကဲ့သို့ တိုတောင်းသော ဆုတောင်းချက်သည်ပင် "ငါကိုယ်တိုင်မဟုတ်၊ ခရစ်တော် ဖြစ်သည်"ဟု ဆိုလိုနေသည်-ရော၊၁၀း၁၂-၁၃။ ဂလ၊၂း၂၀။
2. ကျွန်ုပ်တို့၏ဆုတောင်းချက်က ကျွန်ုပ်တို့သည် အခြေအနေနှင့် ဆက်ဆံဖြေရှင်းရန် (နတ်ဆိုးများကို နှင်ထုတ်ရန်) ကျွန်ုပ်တို့၏ကိုယ်ပိုင်-အားထုတ်မှုကို မလျော့ကျင့်ကြောင်း သက်သေခံနေသည်။ ထိုအစား ကျွန်ုပ်တို့သည် ခရစ်တော်ကို ယူဆောင်လျှောက်လှမ်းကြသည်-မာ၊၉း၁၄-၂၉။
3. ဆုတောင်းရန် ဆိုသည်မှာ ခရစ်တော်နှင့်အတူ ကိုယ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့ကို အစားထိုးနေသည်ဟူသော ရုပ်ပုံကို လက်တွေ့လုပ်ဆောင်ရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်နှလုံး အလိုဆန္ဒကို ကျေနပ်နှစ်သိမ့်စေရန် "ခရစ်တော်ဖြစ်စေခြင်း" လုံးလုံးခံရနိုင်မည်ဖြစ်သည်- အငယ်၊၂-၁၃။

© 2023 Living Stream Ministry